။ပ။ အဝသေသံ ဘူမတ္ထရဏံ(မြေပြင် ကြမ်းပြင်ပေါ်၌ အခင်းကို) ကာတုံ" [သေနာသနက္ခန္ဓက ပါဠိတော်။]

တရံတခါ ဆွမ်းကျွေး တရားနာစသော ကိစ္စများ၌ လူတို့က ခုတင် ကုလားထိုင်ပေါ်မှာ ခင်းပေးသော်လည်း လဲဝါဂွမ်း အဆာသွတ်သော အခင်း၌ မထိုင်ကောင်း၊ ဂေါနက စသော ကော်ဇောများ၌ကား ထိုင်ကောင်း၏၊ ထိုဂေါနက စသည်၌လည်း လဲလျောင်း၍ကား မအိပ်ကောင်း။ ["အနုဇာနာမိ ဘိက္ခဝေ ထပေတွာ တီဏိ (အာသန္ဒိံ ပလ္လင်္ကံ တူလိကံ) ဂိဟိဝိကတံ အဘိနိသီဒိတုံ၊ နတွေဝ အဘိနိပဇ္ဇိတုံ"။]

**ဇာတရူပ ရဇတ ပဋိဂ္ဂဟဏ။** ။ဇာတရူပ = ရွှေ+ရဇတ= ငွေ၊"ငွေ"ဟူသော စကား၌ အရောင်းအဝယ်လုပ်နိုင်သော ငွေစက္ကူများလည်း ပါဝင်၏၊ "ပဋိဂ္ဂဟဏ = ခံယူခြင်း" ဟူရာ၌ ငွေလှူလျှင် ကိုယ်တိုင် အလှူခံခြင်း, သို့မဟုတ် ကပ္ပိယ တယောက်ယောက်ကို (ယူလိုက်ပါ စသည်ဖြင့်) ခံယူစေခြင်း, "အရှင်ဘုရားအား လှူပါ၏ဟုပြော၍ အနီး၌ ချထားသည်ကို (တနေရာ၌ အပ်နှံထားသည်ကို) စိတ်ဖြင့် သာယာခြင်း ဤ ၃-မျိုးလုံး ပါဝင်၏၊ ရဟန်းများ၌ ခံယူလျှင် ပါစိတ်အာပတ်သင့်၏၊ ကိုင်လျှင် (အနာမာသဒုက္ကဋ်) အာပတ်သင့်၏၊ ရှင်သာမဏေနှင့် ၁၀-ပါးသီလ ဥပုသ်သည်များမှာ ဤသိက္ခာပုဒ် ပျက်၏။

**အဋ္ဌကထာ။** ။ဇာတရူပန္တိ သုဝဏ္ဏံ။ ရဇတန္တိ ကဟာပဏော၊(ကျပ်) လောဟမာသကော(ကြေးပဲပိုက်ဆံ) ဇတုမာသကော (ချိပ်ပဲပိုက်ဆံ) ဒါရုမာသကော (သစ်သားပဲပိုက်ဆံ) ယေ ဝေါဟာရံ ဂစ္ဆန္တိ (ရောင်းဝယ်၍